# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

January 13, 2022 | Volume 50, Number 8

**၁၃.၁.၂၀၂၂**

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၈၂၈ US$ |
| မြန်မာ့ရွှေဈေး | = ၁၈၅၆၀၀၀ ကျပ် |
| ဒေါ်လာဈေး | = ၁၉၈၀ ကျပ် (Offer Price) |
| CBM Rate | = ၁၇၇၈.၀ ကျပ် |
| ယူရို တစ်ယူရို | = ၂၀၄၀.၆ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၃၂၂.၄ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၄၄၃.၁ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၀၀.၂ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၇၉.၅၉ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၄.၀၇၂ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၀.၀၁ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၂၅.၉၂ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၃.၅၂၂ ကျပ် |

Source: CBM Rate, etrademyanmar.com

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com

## YCDC ပိုင် မြို့တော်ဘိလပ်မြေစက်ရုံ(ပြည်ညောင်)ကို ဒေါ်လာသန်း ၇၅၀ ခန့် ရင်းနှီးမြှုပ်နှံပြီး အဆင့်မြှင့်တင်မည်




ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ(YCDC)ပိုင်ဆိုင်တဲ့ မြို့တော်ဘိလပ်မြေစက်ရုံ(ပြည်ညောင်)ကို EFD အုပ်စုက အမေရိကန်ဒေါ်လာသန်း ၇၅၀ ခန့် ရင်းနှီးမြှုပ်နှံပြီး အဆင့်မြှင့်တင်မယ်လို့ သိရပါတယ်။

လက်ရှိ ငှားရမ်းလုပ်ကိုင်နေတဲ့ နိုင်ငံသားပိုင် ရတနာစိုင်းကောင်းမြတ်ကုမ္ပဏီက New Dry Process စနစ်နဲ့ တစ်ရက်ကို တန် ၆၀၀၀ ကျ (၂)လိုင်းပါ ဘိလပ်မြေစက်ရုံအဖြစ် တည်ဆောက်ဖို့ ပြီးခဲ့တဲ့ ကြာသာပတေးနေ့မှာ YCDC နဲ့ ဒုတိယအကြိမ် စာချုပ်ပြင်ဆင်ချုပ်ဆိုခဲ့ပါတယ်။ မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင် သာစည်မြို့နယ်က YDCD ပိုင် မြို့တော်ဘိလပ်မြေစက်ရုံ(ပြည်ညောင်)ကို ၂၀၁၀ ပြည့်နှစ် ဧပြီလမှာ စတင်ဖွင့်လှစ်ခဲ့ပြီး တစ်ရက်ကို ဘိလပ်မြေတန် ၅၀၀ စတင်ထုတ်လုပ်ခဲ့ပါတယ်။

ထို့နောက် မက်စ်မြန်မာကုန်ထုတ်လုပ်ငန်းက ၄၅ နှစ်သက်တမ်းရှိတဲ့ နှစ်ရှည်ငှားရမ်းမှုပြုလုပ်ပြီး ဘိလပ်မြေထုတ်လုပ်ခဲ့ပေမယ့် ၂၀၁၆ ခုနှစ်မှာတော့ နိုင်ငံသားပိုင် သတ္တုတူးဖော်ရေးကုမ္ပဏီဖြစ်တဲ့ ရတနာစိုင်းကောင်းမြတ်က မူလစာချုပ်ပါအတိုင်း လွှဲပြောင်းငှားရမ်းခဲ့ပါတယ်။

လုပ်ပိုင်ခွင့်ရ ရတနာစိုင်းကောင်းမြတ်ကုမ္ပဏီက ထိပ်တန်းစီးပွားရေးလုပ်ငန်းရှင် ဦးစိုင်းမျိုးဝင်းပိုင်ဆိုင်တဲ့ Excellent Fortune Development Group – EFD အုပ်စုရဲ့ လက်အောက်ခံ သတ္တုတူးဖော်ရေးကုမ္ပဏီတစ်ခုဖြစ်ပြီး မြို့တော်ဘိလပ်မြေစက်ရုံ

(ပြည်ညောင်)ကို နိုင်ငံရဲ့ အကြီးဆုံးဘိလပ်မြေစက်ရုံအဖြစ် တည်ဆောက်လျက်ရှိတယ်လို့ EFD ဘက်က ကြေညာထားပါတယ်။

စက်ရုံပထမ(၁)လိုင်းကို ၂၀၂၁ နှစ်ကုန်ပိုင်းမှာ တည်ဆောက်ပြီးစီးမယ်လို့ ကြေညာထားပြီး ကျန်ရှိတဲ့ ဒုတိယ(၁)လိုင်းကိုတော့ တည်ဆောက်ဖို့ စီစဉ်နေကာ စီမံကိန်းပြီးစီးပါက နောက်ဆုံးနည်းစဉ်အသစ်ဖြစ်တဲ့ New Dry Process နဲ့ တစ်ရက်ကို ဘိလပ်မြေတန် ၁၀,၀၀၀ ကျ ထွက်ရှိမယ်လို့ ဆိုပါတယ်။

လက်ရှိနိုင်ငံအတွင်း ဘိလပ်မြေစက်ရုံ ပုဂ္ဂလိကပိုင် ၁၆ ရုံ၊ နိုင်ငံပိုင် ၃ ရုံ ရှိပြီး တစ်နှစ်ကို ဘိလပ်မြေတန်ချိန် ၇ သန်းမှ ၉ သန်းအထိ ထုတ်လုပ်နိုင်ပေမယ့် ပြည်ပကနေ တစ်နှစ်ကို တန် ၁ သန်းခန့် တင်သွင်းနေရတယ်လို့ စက်မှုဝန်ကြီးဌာနက ပြောဆိုထားပါတယ်။ ပြည်တွင်းရဲ့ ဘိလပ်မြေလိုအပ်ချက်က တန်ချိန် ၁၀ သန်းမှ ၁၁ သန်းခန့်ရှိပြီး အဆိုပါစက်ရုံတွေကနေ စက်စွမ်းအားပြည့်ထုတ်လုပ်ပါက ဘိလပ်မြေတန်ချိန် ၁၆ သန်းကျော်အထိ ထုတ်လုပ်နိုင်တယ်လို့ သိရပါတယ်။

**Source: BETV Business**

## ပြည်တွင်းလျှော်ဖြူဈေးကွက်တိုးတက်စေရန် ရွှေ့လျားအရောင်းစနစ်ဖြင့် စတင်ရောင်းချမည်



https://greenwaymyanmar.com/posts/Streculia_versicolor_wall_market

ပြည်တွင်းလျှော်ဖြူဈေးကွက် တိုးတက်စေရန် ရွှေ့လျားအရောင်းစနစ်ဖြင့် ရောင်းချရန် စီစဉ်ကြိုးပမ်းနေကြောင်း ကိုယ်တိုင်စိုက်ပျိုးထုတ်လုပ်နေသူများက ပြောသည်။ "လျှော်ဖြူကို တန်ဖိုးမြင့်ထုတ်ကုန် (Value Added) လုပ်ထားတဲ့ စားသောက်ကုန်/အအေး စတာတွေကို ရွှေ့လျားထရပ်ကားနဲ့ လိုက်လံရောင်းချနိုင်ဖို့ စီစဉ်နေပါတယ်။ ဒီလအတွင်းမှာပဲ စတင်ရောင်းချသွားမှာပါ။ အရင်ဆုံး မန္တလေးမြို့တစ်ဝိုက်မှာ စတင်ရောင်းချဖြစ်မှာပါ။ လျှော်ဖြူစေး (ဆေးကုလားမ) ရဲ့ ကျန်းမာရေးအတွက် ဆေးဖက်ဝင်ပုံ၊ ခန္ဓာကိုယ်အတွက် အကျိုးပြုပုံ ကောင်းကျိုးတွေကို လူအများသိရှိနားလည်လာပြီး၊ စားသုံးမှုတိုးမြင့်လာဖို့အတွက် ရည်ရွယ်ပါတယ်။ ဆေးကုလားမကို မန်ကျည်းဖျော်ရည်ထဲမှာ ထည့်သောက်တာအပြင် တခြားနည်းလမ်းတွေနဲ့ သုံးစွဲလို့ရတယ်ဆိုတာကိုလည်း အများသိရှိအောင် မျှဝေပေးချင်ပါတယ်"ဟု မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ ဂန္ဓမာရွာ၊ မန္တလေး-မတ္တရာကားလမ်း၊ မိုင်တိုင်(၁၁) အနီးရှိ နန္ဒဝန် လျှော်ဖြူထုတ်လုပ်ရေးခြံမှ စီမံအုပ်ချုပ်သူ ဦးဇင်မင်းသန့်ကပြောသည်။

ပြည်ပသို့တင်ပို့ရောင်းချသည့် လျှော်ဖြူစေး Export ပြည်ပဈေးကွက် ကျဆင်းလျက်ရှိသော်လည်း တောင်သူများအနေဖြင့် စိတ်ဓာတ်မကျဘဲ ပြည်တွင်းဈေးကွက်သစ်များ ဖော်ဆောင်နိုင်ရန် ကိုယ်ထူကိုယ်ထ ကြိုးပမ်းနေကြခြင်းဖြစ်သည်။ "ကိုယ်ထူကိုယ်ထစနစ်နဲ့ပဲ စီစဉ်နေတာဖြစ်ပါတယ်။ ပြည်ပဈေးကွက်က အခုလိုအားနည်းလာပေမယ့်လည်း ကုန်ချောအဖြစ်နဲ့ လျှော်ဖြူစားသောက်ကုန် ထုတ်ကုန်တွေ ထုတ်လုပ်ရောင်းချနေပါတယ်။ ဓာတုဆေးဝါးမပါ သန့်စင်ပြီးလျှော်ဖြူစေးကို ဆေးကုလားမ သီးသန့်အနေနဲ့အပြင်၊ ရေခဲမုန့် တစ်ခါဖျော်ထုပ် (အချိုပါ, အချိုမပါ)၊ မန်ကျည်းလျှော်ဖြူ၊ ပင်ပွားလျှော်ဖြူ၊ ထန်းလျက်လျှော်ဖြူ စတဲ့ထုတ်ကုန်အမျိုးမျိုးထုတ်လုပ်ပြီး ရန်ကုန်နဲ့အခြားမြို့တွေကို တစ်နိုင်တစ်ပိုင်တင်ပို့ရောင်းချပါတယ်"ဟု ၎င်းကဆက်လက်ပြောသည်။

လျှော်ဖြူစေး (ဆေးကုလားမ) ကို စားသုံးခြင်းကြောင့် ရရှိနိုင်သောအကျိုးအာနိသင်များမှာ ဆီး၊ ဝမ်း၊ သွေး၊ လေ မှန်ကန်ခြင်း၊ သွေးတွင်းအချိုဓါတ်ကို ထိန်းညှိပေးခြင်း၊ ခွန်အားတိုး အဆီကျလုပစေခြင်း၊ အရွယ်တင်နုပျိုစေခြင်း၊ အသားအရေ စိုပြေဝင်းပစေခြင်း၊ ပူပြင်းသောရာသီဥတုမျိုးတွင် စားသုံးပေးသင့်ခြင်း စသည်တို့ဖြစ်သည်။

ပြည်တွင်း၌ ဆေးကုလားမကို ရေခဲမုန့်၊ ဂျယ်လီ၊ ရွှေရင်အေးစသည့် မြန်မာရိုးရာ အဖျော်စားသောက်ကုန်များတွင် ထည့်သွင်းအသုံးပြုခြင်း၊ တိုင်းရင်းဆေးအနေဖြင့် ဆီးရွှင်ဆေး၊ ဝမ်းပျော့ဆေး၊ အားတိုးဆေးများ ဖော်စပ်ရာတွင်လည်းကောင်း၊ လျှော်ဖြူအခြေခံစားသောက်ကုန်နှင့် အလှကုန်များတွင်လည်းကောင်း ထည့်သွင်းအသုံးပြုကြသည်။

**Source:** https://greenwaymyanmar.com/posts/Streculia_versicolor_wall_market

## နိုင်ငံတကာဈေးကွက်ဝင် အရည်အသွေးကောင်းမွန်သောကော်ဖီများ ထုတ်လုပ်နိုင်ရေး ကော်ဖီထုတ်လုပ်နည်း အခြေခံသင်တန်း ဖွင့်လှစ်ရန်စီစဉ်ထား



https://www.myawady.net.mm/node/20769

နိုင်ငံတကာဈေးကွက်ဝင် အရည်အသွေးကောင်းမွန်သော ကော်ဖီများ ထုတ်လုပ်နိုင်ရေး ကော်ဖီထုတ်လုပ်နည်း အခြေခံသင်တန်းကို မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့၌ ယခုလအတွင်းဖွင့်လှစ်ရန် စီစဉ်ထားကြောင်း မြန်မာနိုင်ငံကော်ဖီအသင်းမှ သိရသည်။

အဆိုပါသင်တန်းကို မြန်မာနိုင်ငံကော်ဖီ အသင်း၏ စီစဉ်မှုဖြင့် ဇန်နဝါရီ ၂၄ ရက်မှ ၂၇ ရက်အထိ Mandalay Coffee Group ကော်ဖီစက်ရုံ (MCG) ဒိုးကွင် အနီးစခန်း ပြင်ဦးလွင်မြို့၌ သင်ကြားပို့ချမည်ဖြစ်သည်။ ''ကော်ဖီထုတ်လုပ်တဲ့အခါ လိုက်နာကျင့်သုံးဖို့လိုအပ်တဲ့ စံလုပ်ထုံးလုပ်နည်းဆိုင်ရာ အသိပညာတွေ မျှဝေတာအပါအဝင် ကော်ဖီထုတ်လုပ်နည်းတွေနဲ့ ထွက်ကုန်တွေအကြောင်း လက်တွေ့သိရှိ ရင်းနှီးလာစေဖို့ ရည်ရွယ်ဖွင့်လှစ်တာဖြစ်ပါတယ်''ဟု မြန်မာနိုင်ငံကော်ဖီအသင်းမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

သင်တန်းတွင် ကော်ဖီသမိုင်းကြောင်း၊ ကော်ဖီပြုပြင်စီရင် ထုတ်လုပ်ခြင်းအကြောင်း၊ ကော်ဖီအရည်အသွေးစတင်လာပုံ၊ ကော်ဖီ ထုတ်လုပ်မှုကို လွှမ်းမိုးနိုင်သောအချက်များ၊ ကော်ဖီသီးမှည့်တစ်လုံး၏ ရုပ်သွင်ပြင်လက္ခဏာများအကြောင်း၊ ကော်ဖီဆွတ်ခူးရိတ်သိမ်းနည်းများနှင့်အကျိုးရလဒ်များ၊ ဆွတ်ခူးပြီးကော်ဖီကို နမူနာစစ်ဆေးခြင်းနှင့် အရည်အသွေးထိန်းသိမ်းခြင်းများ၊ ကော်ဖီအချိုဓာတ်တိုင်း ကိရိယာကိုင်တွယ်ပုံ၊ ရင့်မှည့်မှုတိုင်းတာ စစ်ဆေးနည်းများ၊ ကော်ဖီထုတ်လုပ်ပုံနည်းလမ်းများကို ကော်ဖီနှင့်ပတ်သက်၍ ပြည်တွင်းနှင့်နိုင်ငံတကာ အတွေ့အကြုံများရရှိထားသည့် ပညာရှင်ကသင်ကြားမည်ဖြစ်သည်။

ယင်းသင်တန်းကို ကော်ဖီစတင် ထုတ်လုပ်ရောင်းချမည့်သူများ၊ ကော်ဖီထုတ်လုပ်နေသော်လည်း နည်းစနစ်တကျ ထပ်မံလေ့လာလိုသူများ၊ အဖွဲ့အစည်းသို့မဟုတ် ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းအတွက် ကော်ဖီထုတ်လုပ်လိုသူများနှင့် ကော်ဖီထုတ်လုပ်မှုနည်းစနစ်နှင့် ပြုလုပ်ပုံအဆင့်ဆင့်ကို လေ့လာသင်ယူလိုသူများ တက်ရောက်သင့်ကြောင်း သိရသည်။

**Source:** https://www.myawady.net.mm/node/20769

## နှစ်ပေါင်း ၃၀ ကျော်အတွင်း ရေနံနှင့်သဘာဝဓာတ်ငွေ့ကဏ္ဍတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဒေါ်လာ ၂၂ ဒသမ ၇၇ ဘီလျံကျော်ရှိပြီး မြန်မာနိုင်ငံ၏ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကဏ္ဍတွင် ဒုတိယမြောက် အများဆုံးကဏ္ဍဖြစ်



မြန်မာ့ကမ်းလွန်တွင် ရေနံနှင့် သဘာဝဓာတ်ငွေ့ ရှာဖွေတူးဖော်ဆောင်ရွက်နေမှုကို တွေ့ရစဉ်(ဓာတ်ပုံ-MOEE)
https://news-eleven.com/article/223752

နှစ်ပေါင်း ၃၀ ကျော်အတွင်း မြန်မာနိုင်ငံ၏ ရေနံနှင့်သဘာဝဓာတ်ငွေ့ကဏ္ဍတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဒေါ်လာ ၂၂ ဒသမ ၇၇ ဘီလျံကျော်ရှိပြီး မြန်မာနိုင်ငံ၏ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကဏ္ဍတွင် ဒုတိယမြောက် အများဆုံးကဏ္ဍဖြစ်ကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပြန်ချက်များအရ သိရသည်။

၁၉၈၈-၈၉ ဘဏ္ဍာနှစ်မှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်ကုန်အထိ မြန်မာနိုင်ငံ၏ ရေနံနှင့်သဘာဝဓာတ်ငွေ့ကဏ္ဍတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဒေါ်လာ ၂၂ ဒသမ ၇၇၃ ဘီလျံကျော် ဝင်ရောက်ထားသည်။

မြန်မာနိုင်ငံ၏ ရေနံနှင့်သဘာဝဓာတ်ငွေ့ကဏ္ဍတွင် နှစ်အလိုက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဝင်ရောက်မှုအနေဖြင့် ၁၉၈၈-၈၉ ဘဏ္ဍာနှစ်မှ ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်အထိ ဒေါ်လာ ၁၃၈၁၅ ဒသမ ၃၇၅ သန်း၊ ၂၀၁၁- ၂၀၁၂ ဘဏ္ဍာနှစ်တွင် ၂၄၇ ဒသမ ၆၉၇ သန်း၊ ၂၀၁၂-၁၃ ဘဏ္ဍာနှစ်တွင် ၃၀၉ ဒသမ ၂၀၀ သန်း၊၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ဝင်ရောက်ခြင်းမရှိပေ။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ဒေါ်လာ ၃၂၂၀ ဒသမ ၃၀၆ သန်း၊၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ဒေါ်လာ ၄၈၁၇ ဒသမ ၇၉၀ သန်း၊၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ဝင်ရောက်ခဲ့ခြင်းမရှိပေ။

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ရေနံနှင့်သဘာဝဓာတ်ငွေ့ကဏ္ဍ၌ ဒေါ်လာ ၁၀ ဒသမ ၂၀၄ သန်း၊ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် ၃၅၂ ဒသမ ၈၂၀ သန်း၊ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွင်းက ဝင်ရောက်ခဲ့ခြင်းမရှိပေ။ သို့ဖြစ်ရာ ၁၉၈၈-၈၉ ဘဏ္ဍာနှစ်မှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်ကုန်အထိ ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍ၌ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပမာဏ ဒေါ်လာ ၂၂၇၇၃ ဒသမ ၃၉၂ သန်း (၂၂ ဒသမ ၇၇ ဘီလျံကျော်) အထိ ဝင်ရောက်ခဲ့ကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် စွမ်းအင်အရင်းအမြစ်အလိုက် ဓာတ်အားထုတ်လုပ်မှုအနေဖြင့် ရေအားလျှပ်စစ်မှ ၃၂၂၅ မဂ္ဂါဝပ်၊ သဘာဝဓာတ်ငွေ့မှ ၂၇၇၃ မဂ္ဂါဝပ်၊ ဆိုလာစွမ်းအင်မှမဂ္ဂါဝပ် ၄၀၊ LNG မှ မဂ္ဂါဝပ် ၉၀၀ နှင့် ကျောက်မီးသွေးမှမဂ္ဂါဝပ် ၁၂၀ ဖြင့် စုစုပေါင်း ၇၀၅၈ မဂ္ဂါဝပ် ထုတ်လုပ်ထားကြောင်း လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှသိရသည်။ ရာခိုင်နှုန်းအားဖြင့် ရေအားမှ စုစုပေါင်း လျှပ်စစ်ထုတ်လုပ်မှု ၄၆ ရာခိုင်နှုန်း၊ သဘာဝဓာတ်ငွေ့မှ ၃၉ ရာခိုင်နှုန်း၊ LNG မှ ၁၃ ရာခိုင်နှုန်း၊ ဆိုလာမှ တစ်ရာခိုင်နှုန်းနှင့် ကျောက်မီးသွေးမှ နှစ်ရာခိုင်နှုန်းထုတ်လုပ်ထားသည်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ရေအားမှ ၃၁၈၁ မဂ္ဂါဝပ်၊ သဘာဝဓာတ်ငွေ့မှ ၁၇၅၂ မဂ္ဂါဝပ်၊ ကျောက်မီးသွေးမှ ၁၂၀ မဂ္ဂါဝပ်ဖြင့် စုစုပေါင်း ၅၀၅၃ မဂ္ဂါဝပ်ထုတ်လုပ်ထားသည်။ ရာခိုင်နှုန်းအားဖြင့် ရေအားမှ ၆၃ ရာခိုင်နှုန်း၊ သဘာဝဓာတ်ငွေ့မှ ၃၅ ရာခိုင်နှုန်းနှင့် ကျောက်မီးသွေးမှ နှစ်ရာခိုင်နှုန်း ထုတ်လုပ်ထားသည်။

နှစ်အလိုက် လျှပ်စစ်ဓာတ်အားအမျိုးအစားလိုက် လျှပ်စစ်ထုတ်လုပ်မှုအနေဖြင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ရေအားမှ ကီလိုဝပ်နာရီသန်းပေါင်း ၁၁၂၂၇ ဒသမ ၈၂၊ သဘာဝဓာတ်ငွေ့မှ ကီလိုဝပ်နာရီသန်းပေါင်း ၉၃၆၆ ဒသမ ၅၆၊ ရေနွေးငွေ့မှ ကီလိုဝပ်နာရီ သန်းပေါင်း ၂၁၆၉ ဒသမ ၇၀၊ ဒီဇယ်မှ ကီလိုဝပ်နာရီသန်းပေါင်း ၁၀၄ ဒသမ ၇၃ ထုတ်လုပ်ထားသည်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ရေအားမှ ကီလိုဝပ်နာရီသန်းပေါင်း ၁၂၂၆၅ ဒသမ ၀၃၊ သဘာဝဓာတ်ငွေ့မှ ကီလိုဝပ်နာရီ သန်းပေါင်း ၇၄၅၉ ဒသမ ၂၂၊ ရေနွေးငွေ့မှ ကီလိုဝပ်နာရီသန်းပေါင်း ၁၀၈၀ ဒသမ ၆၀၊ ဒီဇယ်မှ ကီလိုဝပ်နာရီသန်းပေါင်း ၇၇ ဒသမ ၅၅ ထုတ်လုပ်ထားသည်။

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ရေအားမှ ကီလိုဝပ်နာရီသန်းပေါင်း ၁၂၂၆၅ ဒသမ ၀၃၊ သဘာဝဓာတ်ငွေ့မှ ကီလိုဝပ်နာရီ သန်းပေါင်း ၇၄၅၉ ဒသမ ၂၂၊ ရေနွေးငွေ့မှ ကီလိုဝပ်နာရီသန်းပေါင်း ၁၀၈၀ ဒသမ ၆၀၊ ဒီဇယ်မှ ကီလိုဝပ်နာရီသန်းပေါင်း ၇၇ ဒသမ ၅၅ ထုတ်လုပ်ထားသည်။

**Source:** https://news-eleven.com/article/223752

## မတ်ပဲနှင့်ပဲစင်းငုံ တင်သွင်းမှုအတွက် နှစ်စဉ်ခွဲတမ်းတိုးမြှင့်ပေးရန် အိန္ဒိယနိုင်ငံအစိုးရကိုတိုက်တွန်း



ယခုနှစ်အတွင်း မတ်ပဲနဲ့ပဲစင်းငုံ အထွက်တိုးမယ်လို့ မျှော်မှန်းထားတာကြောင့် နှစ်စဉ်သွင်းကုန်ခွဲတမ်းတိုးမြှင့်ပေးဖို့ အိန္ဒိယအစိုးရထံ မြန်မာနိုင်ငံ ပဲမျိုးစုံတင်ပို့ရောင်းချသူတွေက တိုက်တွန်းထားပါတယ်။

ပဲဝယ်လိုအားအများရှိတဲ့ အိန္ဒိယနိုင်ငံကို ၅ နှစ်ဆက်တိုက် မတ်ပဲ တန်ချိန် ၂ သိန်းခွဲနဲ့ ပဲစင်းငုံတန်ချိန် ၁ သိန်း တင်ပို့ဖို့ နှစ်ဖက်အစိုးရကြား နားလည်မှုစာချွန်လွှာ (MOU) ရေးထိုးထားပါတယ်။

ရန်ကုန်အခြေစိုက် ပဲတင်ပို့ရောင်းချသူတွေရဲ့အဆိုအရ မြန်မာနိုင်ငံမှာ ယခုနှစ် ပဲစိုက်ရာသီမှာ ပဲစင်းငုံတန်ချိန် ၂.၅ သိန်းအထိ နှစ်ဆကျော်ထွက်ရှိလာနိုင်တယ်လို့ သိရပါတယ်။ ''MOU အရ မတ်ပဲနဲ့ ပဲစင်းငုံတင်သွင်းမှုပမာဏကို နှစ်ဆတိုးဖို့စဉ်းစားရန် အိန္ဒိယနဲ့မြန်မာအစိုးရတို့ကို တိုက်တွန်းချင်ပါတယ်''လို့ OATA Myanmar ဥက္ကဋ္ဌ Vatsal Lilani က ဆွေးနွေးပွဲတစ်ခုမှာ ပြောကြားခဲ့ပါတယ်။

အိန္ဒိယအစိုးရဘက်က မတ်ပဲတန်ချိန် ၅ သိန်းနဲ့ ပဲစင်းငုံတန်ချိန် ၂ သိန်းအထိ ခွဲတမ်းမတိုးဘူးဆိုရင် မြန်မာ့ပဲစိုက်တောင်သူတွေအနေနဲ့ ဈေးကွက်ဝယ်လိုအားရှိတဲ့ အခြားသီးနှံတွေကို ပြောင်းလဲစိုက်ပျိုးသွားနိုင်တယ်လို့ ဆိုထားပါတယ်။ နောင်နှစ်တွေမှာ အိန္ဒိယရဲ့ဝယ်လိုအားက များလာနိုင်ပြီး ဈေးကွက်လိုအပ်ချက်အတိုင်း အလုံအလောက်မရရှိနိုင်တာကြောင့် ပဲဈေးနှုန်းတွေ တဟုန်ထိုး မြင့်တက်လာနိုင်တယ်လို့ ဆက်ပြောပါတယ်။

စားသုံးသူရေးရာဦးစီးဌာနရဲ့ တာဝန်ရှိသူက လွန်ခဲ့တဲ့ ၂ နှစ်အတွင်း အိန္ဒိယနိုင်ငံကို မတ်ပဲ ၆၉ ရာခိုင်နှုန်းနဲ့ ပဲစင်းငုံ ၉၈ ရာခိုင်နှုန်းအထိ ပံ့ပိုးပေးခဲ့တယ်လို့ ပြောပါတယ်။

မြန်မာနိုင်ငံရဲ့ ပဲစင်းငုံတင်ပို့မှုက နီပေါ၊ ယူအေအီးနဲ့ အခြားနိုင်ငံတွေကို တင်ပို့ရောင်းချနေပေမယ့် အရေအတွက် အနည်းငယ်သာရှိတာကြောင့် အိန္ဒိယဈေးကွက်ကို အဓိကမှီခိုနေရပါတယ်။ ပြီးခဲ့တဲ့ ၂၀၂၀-၂၁ ဘဏ္ဍာနှစ်မှာ မြန်မာ့ပဲမျိုးစုံ တင်ပို့မှုသမိုင်းအတွင်း အမြင့်ဆုံးဖြစ်တဲ့ တန်ချိန် ၂ သန်းကျော်၊ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၁.၅၇ ဘီလီယံအထိရရှိခဲ့ပြီး အများစုကိုတော့ မြန်မာပဲတင်ပို့မှုရဲ့ အဓိကဈေးကွက်ဖြစ်တဲ့ အိန္ဒိယကို တင်ပို့ခဲ့ပါတယ်။

လက်ရှိ အောက်တိုဘာ ၁ ရက်မှစတင်တဲ့ မိနီဘတ်ဂျတ်အတွင်း ဒီဇင်ဘာ ၁၇ ရက်အထိ ပဲတန်ချိန် ၃ သိန်းခန့်တင်ပို့ထားပြီး ပို့ကုန်ဝင်ငွေ အမေရိကန်ဒေါ်လာသန်း ၂၄၀ ကျော်ရရှိထားတယ်လို့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနရဲ့ စာရင်းမှာ ဖော်ပြထားပါတယ်။

**Source: BETV Business**

## ထိုင်းနိုင်ငံမှ ကြက်သားဈေးနှုန်းအား ခြောက်လခန့် တန့်ထားပေးရန် သဘောတူညီခဲ့ကြခြင်း



Chicken meat on sale at Simummuang wet market in Lam Luk Ka district, Pathum Thani, on Monday. (Photo: Apichit Jinakul)

ပြည်တွင်းကုန်သွယ်ရေးဦးစီးဌာနနှင့် ကြက်မွေးမြူရေးလုပ်ငန်းမှ ကုန်သည်များသည် ဝက်သားဈေးနှုန်းမြင့်တက်ခြင်း ပြဿနာကိုဖြေရှင်းရန် ခြေလှမ်းစတင်လုပ်ဆောင်နေချိန်တွင် ကြက်သားဈေးနှုန်းအား ခြောက်လခန့် တန့်ထားပေးရန်သဘောတူညီခဲ့ကြကြောင်း ပြည်တွင်းကုန်သွယ်ရေးဦးစီးဌာနညွှန်ကြားရေးမှူးချုပ် Wattanasak Sur-iam က (၁၁.၁.၂၀၂၂) ရက်နေ့တွင် ပြောကြားခဲ့ကြောင်းသိရှိရပါသည်။

၎င်းကမွေးမြူရေးကြက်အရှင်များ၏ ခြံထွက်ဈေးနှုန်းမှာ တစ်ကီလိုဂရမ်လျှင်(၃၃.၅၀) ဘတ်၊ လတ်လတ်ဆတ်ဆတ်သတ်ထားသောကြက်သား (အူ၊ အသည်းပါ/မပါ) တစ်ကီလိုဂရမ်လျှင် (၆၀-၆၅) ဘတ်၊ ပေါင်နှင့်ဒူးဆစ်ပိုင်း တစ်ကီလိုဂရမ်လျှင် (၆၀-၆၅) ဘတ်၊ ရင်ပုံသား တစ်ကီလိုဂရမ်လျှင် (၆၅-၇၀) ဘတ်ဟူ၍သတ်မှတ်ကြောင်း၊ အဆိုပါဈေးနှုန်း ထိန်းချုပ်မှုမှာဇွန်လကုန်အထိ သက်ရောက်မှုရှိမည်ဖြစ်ကြောင်းပြောကြားခဲ့ပါသည်။

ကြက်မွေးမြူသူများကိုလည်း (၄၅)ရက်အတွင်းထုတ်လုပ်မှုမြှင့်တင်ရန်တောင်းဆိုမည်ဖြစ်ကြောင်း Mr.Wattanasak ကပြောကြားခဲ့ကြောင်းသိရှိရပါသည်။ ကြက်ဥဈေးနှုန်းကိစ္စကိုလည်း ဆွေးနွေးရန်စီစဉ်ထားကြောင်း ၎င်းကပြောကြားခဲ့ပါသည်။

ပြည်တွင်းကုန်သွယ်ရေးဦးစီးဌာနအနေဖြင့် ယခုကဲ့သို့ဈေးနှုန်းများမြင့်တက်လာခြင်းမှာ သင့်လျော်မှုမရှိဟု ယူဆပါကြောင်း၊ (၁၂.၁.၂၀၂၂)ရက်နေ့မွန်းလွဲပိုင်းတွင် လုပ်ငန်းရှင်များနှင့် တွေ့ဆုံသွားမည်ဖြစ်ကြောင်းသိရှိရပါသည်။

Mr.Wattanasak ၏အဆိုအရ ဝက်သားဈေးနှုန်းမြင့်တက်ရခြင်းမှာ အသေးစားဝက် မွေးမြူသူများအနေဖြင့် ၎င်းတို့၏ လုပ်ငန်းများကို ပိတ်လိုက်ကြခြင်းက အစိတ်အပိုင်းတစ်ခုဖြစ်ကြောင်းနှင့် တိရစ္ဆာန်အစာဈေးနှုန်းများလည်း(၇%)ခန့် မြင့်တက်သွားခြင်းတို့ကြောင့်ဖြစ်ကြောင်း၊ ယင်းတို့ကြောင့်ဈေးကွက်သို့ ဝက်သားထောက်ပံ့ဖြည်းဆည်းမှုမှာ (၃၀%)ခန့် ကျဆင်းစေခဲ့ကြောင်း သိရှိရပါသည်။

ဈေးနှုန်းများပြန်လည်ကျဆင်းစေရန်အတွက် ပြည်တွင်းကုန်သွယ်ရေးဦးစီးဌာနအနေဖြင့် သီးခြားအရောင်းဆိုင် များတွင် ဝက်သားတစ်ကီလိုဂရမ်လျှင်(၁၅၀)ဘတ်ဈေးဖြင့် ဇန်နဝါရီလကုန်အထိရောင်းချမည့် ပရိုဂျက်စီမံကိန်းတစ်ခုအား စတင်ခဲ့ကြောင်း သိရှိရပါသည်။

အစိုးရ၏ဗဟိုရန်ပုံငွေမှ အဆိုပါပရိုဂျက်စီမံကိန်းအတွက် ရန်ပုံငွေခွဲဝေပေးရန် အစိုးရအဖွဲ့အား တောင်းဆိုသွားမည်ဖြစ်ကြောင်းနှင့် နည်းပါးသောဈေးနှုန်းဖြင့်ဝက်သားရောင်းချသည့်ဆိုင်အရေအတွက်မှာ (၆၆၂) ဆိုင်မှ (၁,၅၀၀)အထိ တိုးတက်

လာလိမ့်မည်ဖြစ်ကြောင်း ပြည်တွင်းကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် Mr.Wattanasak ကပြောကြားခဲ့ကြောင်း သိရှိရပါသည်။

Source: Bangkok Post

**လွင်မျိုးဇော် (စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ ဘန်ကောက်)**

## ၂၀၂၂ ခုနှစ်၊ ဧပြီလတွင် CPTPP အတွက် လျှောက်လွှာတင်ရန် ကိုရီးယားနိုင်ငံ ဘဏ္ဍာရေးဝန်ကြီး ထုတ်ဖော်ပြောကြားခဲ့မှု







တောင်ကိုးရီးယားနိုင်ငံသည် လာမည့် ၂၀၂၂ ခုနှစ်၊ ဧပြီလတွင် Comprehensive and Progressive Agreement for Trans-Pacific Partnership (CPTPP)- ဘက်စုံတိုးတက်သော အာရှ-ပစိဖိတ်လွတ်လပ်သောကုန်သွယ်မှုဆိုင်ရာသဘောတူညီချက်တွင် ပါဝင်နိုင်ရန် တရားဝင်လျှောက်လွှာ ပေးပို့တင်သွင်းနိုင်ရေး တွန်းအားပေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း တောင်ကိုရီးယားနိုင်ငံ၏ ထိပ်တန်းစီးပွားရေးမူဝါဒချမှတ်သူ ဘဏ္ဍာရေးဝန်ကြီး Hong Nam-ki က (၂၇-၁၂-၂၀၂၁) ရက်နေ့တွင် ထုတ်ဖော်ပြောကြားခဲ့ပါသည်။

တောင်ကိုရီးယားနိုင်ငံ၏ ပို့ကုန်များကို ကမ္ဘာ့နိုင်ငံအနှံ့အပြားသို့ တိုးမြှင့်တင်ပို့နိုင်စေရန် ကြိုးပမ်းမှု၏ တစ်စိတ်တစ်ပိုင်း အနေဖြင့် ကမ္ဘာ့နိုင်ငံ (၁၁) နိုင်ငံပါဝင်သည့် ၎င်း CPTPP တွင် ပါဝင်ရန် အစောပိုင်းတွင် တောင်ကိုရီးယားအစိုးရမှ ပြောကြားခဲ့ကြောင်း၊ သက်ဆိုင်ရာ တောင်ကိုရီးယား ဝန်ကြီးဌာနများပါဝင်သော ကုန်သွယ်မှုဆိုင်ရာလုပ်ငန်းအဖွဲ့တစ်ဖွဲ့ကို ဖွဲ့စည်းထားပြီး၊ CPTPP သို့ ဝင်ရောက်ခြင်း၏အကျိုးသက်ရောက်မှုများကို ကိုင်တွယ်ဖြေရှင်းရန်နှင့် ၎င်း၏အဖွဲ့ဝင်နိုင်ငံများသို့ ၂၀၂၂ ခုနှစ်၊ ဧပြီလလယ်ခန့်တွင် တရားဝင်လျှောက်လွှာပေးပို့တင်သွင်းရန် ထိုအဖွဲ့သို့ တွန်းအားပေးဆွေးနွေးသွားမည်ဖြစ်ကြောင်း ဘဏ္ဍာရေးဝန်ကြီး Hong Nam-ki က ထုတ်ဖော်ပြောကြားချက်တွင် ထည့်သွင်းဆွေးနွေးခဲ့ပါသည်။

တောင်ကိုရီးယားသမ္မတ Moon Jae-in ၏ ငါးနှစ်သက်တမ်းကုန်ဆုံးမည့် ၂၀၂၂ ခုနှစ်၊ မေလတွင် အစိုးရသက်တမ်းမကုန်ဆုံးမီ တောင်ကိုရီးယားအစိုးရသည် CPTPP သို့ အဖွဲ့ဝင်လျှောက်လွှာ ပေးပို့တင်သွင်းနိုင်ရန်ရည်ရွယ်ကြောင်း၊ CPTPP သည် ယခင် အမေရိကန်သမ္မတဟောင်း Barack Obama အစိုးရဦးဆောင်ခဲ့သော Trans-Pacific Partnership (TPP) ၏ ပြန်လည်ညှိနှိုင်းသည့်ပုံစံပင်ဖြစ်ကြောင်း၊ ၂၀၁၇ ခုနှစ်တွင် ထိုစဉ်က အမေရိကန်သမ္မတအဖြစ်ဆောင်ရွက်ခဲ့သော Donald Trump သည် TPP မှ နုတ်ထွက်ခဲ့ပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ကြီးထွားလာနေသော စီးပွားရေးဩဇာလွှမ်းမိုးမှုကို အဓိကတန်ပြန်မှုအဖြစ် ဆောင်ရွက်ခဲ့ကြောင်း၊ CPTPP ကို ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလတွင်စတင်ခဲ့ပြီး ဂျပန်နိုင်ငံ၊ ဩစတြေးလျနိုင်ငံ၊ ကနေဒါနိုင်ငံ၊ နယူးဇီလန်နိုင်ငံ၊ မက္ကဆီကိုနိုင်ငံ၊ ချီလီနိုင်ငံ၊ ဘရူနိုင်းနိုင်ငံ၊ မလေးရှားနိုင်ငံ၊ ပီရူးနိုင်ငံ၊ စင်ကာပူနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံစသည့် နိုင်ငံပေါင်း(၁၁) နိုင်ငံတို့မှ ပါဝင်လက်မှတ်ရေးထိုးခဲ့ကြကြောင်း၊ CPTPP တွင်ပါဝင်သည့် ကမ္ဘာ့နိုင်ငံ(၁၁)နိုင်ငံမှ ကုန်သွယ်မှုပမာဏသည် ၂၀၁၉ ခုနှစ်၏ စာရင်းများအရ အမေရိကန်ဒေါ်လာ (၅.၇) ထရီလီယံအထိရှိပြီး ကမ္ဘာ့ကုန်သွယ်မှုစုစုပေါင်း၏ (၁၅.၂) ရာခိုင်နှုန်းခန့်မျှရှိကြောင်း Korea Institute for Industrial Economics and Trade ၏ အစီရင်ခံစာအရ လေ့လာသိရပါသည်။

Source: The Korea Herald (27-12-2021)

**ဝင်းပပသူ (စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ ဆိုးလ်မြို့)**

## အိန္ဒိယနိုင်ငံ၌ ခရိုင်အဆင့် ကိုရိုနာဗိုင်းရပ်စ် ထိန်းချုပ်ရေးဌာနများ ဖွင့်လှစ်ဆောင်ရွက်

အိန္ဒိယနိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ် ကူးစက်မှုနှုန်းမှာ ပြန်လည်မြင့်တက်လျက်ရှိရာ ၈ ရက်တာကာလအတွင်း နိုင်ငံတစ်ဝန်း၌ ရောဂါကူးစက်ခံရမှုသည် ၆.၃ ဆအထိ တိုးမြင့်လာကြောင်း၊ အထူးသဖြင့် မဟာရဋ္ဌ၊ အနောက်ဘင်္ဂလား၊ ဒေလီ၊ ကီရာလာ၊ တမီနာဒူး၊ ကာနာတကာ၊ ဂျာကန်နှင့် ဂူဂျရတ်ပြည်နယ်များ၌ ကိုဗစ်-၁၉ ဗိုင်းရပ်စ်ကူးစက်ခံရသူ အရေအတွက်

များပြားလျက်ရှိကြောင်း အိန္ဒိယကျန်းမာရေးဝန်ကြီးဌာနမှ တွဲဖက်အတွင်းဝန် Mr. Lav Agarwal က ၅-၁-၂၀၂၂ နေ့ သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့ပါသည်။

အိန္ဒိယကျန်းမာရေးဝန်ကြီးဌာန၏ စာရင်းများအရ ၆-၁-၂၀၂၂ နေ့၌ ၂၄ နာရီအတွင်း နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ကူးစက်ခံရသူ အတည်ပြုလူနာအသစ် ၁၁၇၁၀၀ ဦးတွေ့ရှိရပြီး ကုသမှုခံယူဆဲလူနာ ၃၇၁၃၆၃ ဦးရှိကြောင်း၊ နေ့စဉ်ကူးစက်မှုနှုန်းမှာ ယခင်နေ့ရက်၌ ၆.၄၃% ရှိရာမှ ၇.၇၄% သို့ တိုးမြင့်လာကြောင်း သိရှိရသည်။

သို့ဖြစ်ရာ ဆေးရုံတက်ရောက်ကုသမှုခံယူရသူဦးရေ တိုးတက်လာခြင်းမရှိသေးသော်လည်း ဟိုတယ်များ၌ သီးသန့်ကုတင်များအား အရန်သင့်ဖွင့်လှစ်ထားရှိလျက် ကျန်းမာရေးစောင့်ရှောက်မှု အခြေခံအဆောက်အအုံကိုမြှင့်တင်ရန်နှင့် ခရိုင်အဆင့်နှင့် ခရိုင်ကြီးများ၌ ခရိုင်ခွဲအဆင့်အထိ ကိုရိုနာဗိုင်းရပ်စ် ထိန်းချုပ်ရေးရုံးခန်း (Control Room) များ ဖွင့်လှစ်ဆောင်ရွက်ရန် အိန္ဒိယကျန်းမာရေးဝန်ကြီးဌာနက ၆-၁-၂၀၂၂ နေ့တွင် ပြည်နယ်များသို့ ညွှန်ကြားချက်ထုတ်ပြန်ခဲ့သည်။

ကျန်းမာရေး အရန်အတွင်းဝန် Ms. Arti Ahuja က လက်မှတ်ရေးထိုးထားသည့် အဆိုပါညွှန်ကြားစာတွင် ထိန်းချုပ်ရေးရုံးခန်းများသည် ကိုဗစ်-၁၉ ဗိုင်းရပ်စ်ခါတ်ခွဲစမ်းသပ်ပေးနိုင်မည့်ဌာနများနှင့် လူနာတင်ယာဉ်များရရှိနိုင်မှု အချက်အလက်များကို အချိန်နှင့်တစ်ပြေးညီ ပြုစုထားရှိရမည်ဖြစ်ကြောင်း၊ ၎င်းဝန်ဆောင်မှုများရရှိနိုင်ရန် ဆက်သွယ်လာသူအား လမ်းညွှန်ပံ့ပိုးပေးနိုင်ရမည်ဖြစ်ကြောင်း၊ တာဝန်ချထားသည့် ကျန်းမာရေးနယ်မြေအတွင်း ကွဲပြားခြားနားသည့် ဆေးရုံဆေးခန်း ကုတင်နေရာရရှိနိုင်မှုကို စောင့်ကြည့်ကြပ်မတ်ရမည်ဖြစ်ကြောင်း၊ ထို့အပြင်နေအိမ်များ၌ သီးခြားကုသမှုခံယူလျက်ရှိသော ကိုဗစ်-၁၉ ဗိုင်းရပ်စ်ကူးစက်ခံရသည့်လူနာများ၏ အခြေအနေကို နေ့စဉ်ကောက်နုတ်စုစည်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထိန်းချုပ်ရေးရုံးခန်း ၁ ခုစီတိုင်း၌ ရောဂါကူးစက်ခံရသည့် ဧရိယာအတိုင်းအတာအပေါ်မူတည်၍ သယ်ယူပို့ဆောင်ရန် လူနာတင်ယာဉ်အရေအတွက်ကို သတ်မှတ်ခွဲဝေချထားရမည်ဖြစ်ကြောင်း ဖော်ပြထားပါသည်။

Source: 1. Centre tells states to set up control rooms at district level, 7-1-2022, Economic Times

2. COVID-19 cases witnessed 6.3 times rise in last 8 days, says Health Ministry, 5-1-2022, Business Today

**နေအေးလွင် (စီးပွားရေးသံမှူး-မြန်မာသံရုံး၊ နယူးဒေလီမြို့)**

## STOCK EXCHANGE (13.1.2022)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 13th Jan. 2022

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,200 | +200 | +2.50% | 8,100 | 8,200 | 8,100 | 450 | 3,646,600 | 33,109,694 | 271,499 |
| MTSH | 00002 | 3,000 | -50 | -1.64% | 3,000 | 3,050 | 3,000 | 1,108 | 3,324,350 | 38,929,150 | 116,787 |
| MCB | 00003 | 7,900 | +0 | +0.00% | 7,900 | 7,900 | 7,900 | 12 | 94,800 | 10,400,986 | 82,168 |
| FPB | 00004 | 19,500 | +0 | +0.00% | 19,500 | 19,500 | 19,500 | 0 | 0 | 2,472,053 | 48,205 |
| TMH | 00005 | 2,650 | +0 | +0.00% | 2,650 | 2,650 | 2,650 | 0 | 0 | 12,823,224 | 33,982 |
| EFR | 00006 | 2,900 | +0 | +0.00% | 2,900 | 2,900 | 2,900 | 24 | 69,600 | 19,977,223 | 57,934 |
| AMATA | 00007 | 5,400 | +0 | +0.00% | 5,400 | 5,400 | 5,400 | 0 | 0 | 10,497,598 | 56,687 |

## Market summary

As of 13th Jan. 2022

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 383.57 | +2.69 | +0.71% | 382.78 | 383.57 | 381.67 | 1,594 | 7,135,350 | 7 | 667,262 |

### Index chart




# Market Overview

## Main Board

As of 1:00 pm, 13th Jan. 2022

| MYANPIX | 383.57 ▲ 2.69 |
|---|---|
| Total Volume (shares) | 1,594 |
| Total Value (MMK) | 7 mil |
| Listed Company | 7 |
| Market Cap. (MMK) | 667,262 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,200 | ▲ 200 |
| MTSH | 00002 | 3,000 | ▼ 50 |
| MCB | 00003 | 7,900 | ▲ 0 |
| FPB | 00004 | 19,500 | ▲ 0 |
| TMH | 00005 | 2,650 | ▲ 0 |
| EFR | 00006 | 2,900 | ▲ 0 |
| AMATA | 00007 | 5,400 | ▲ 0 |